လေးစားဖို့ ပစ်ခစလတ် မလုပ်ဖို့ မင်းကိုငါပြောနေတာပဲဟာ”

“ဒါဆို သီဂီထွေးအပေါ်ကော မင်း လေးစားသလား။ သူ့ကိုကကောတန်ဖိုးထားသလား၊ ”

စီးကရက်ကို လက်ကြားညှပ်လျက်က ကျွန်တော် ကော်ဖီတစ်ငုံ သောက်လိုက်ရသည်။

“ငါ.. ဘာလုပ်လို့လဲ”

“မင်း ဘာလုပ်သလဲလို့ ငါက မင်းကိုယ်ရေမှာ မင်းကို ပြန်မေးနေရသလား”

“ငါက တန်ဖိုးကို ထိခိုက်နစ်နာအောင် ဘာလုပ်မိသလဲလို့ မေးတာပါ ဇော်ဝိတ်ရာ”

“မိန်းမသားတစ်ယောက်ကို သူ့အချစ်သူ၊ သူ့ရည်းစားက အဆက်ဖြတ်ဖို့ မုန်းမေ့ဖို့ စပြီးပြောလိုက်တာ အနိုင်ကျင့်စော်ကားခြင်းတစ်မျိုးပဲကွ”

နင့်ကို ငါမနှစ်ခြိုက်တော့ဘူးလို့ပြောလိုက်တာပဲကွ။ အဲဒါ တန်ဖိုးမထားတော့ဘူး.. လို့ ကြေညာလိုက်ပဲလေ။

“မဆိုင်ပါဘူးကွာ… မင်းကို သူအကြောင်းကြားပြီးပြီးပေ့ါ။ ဟုတ်လား”

ဇော် ဝိတ် ခေါင်းမညိတ်။

“အမုန်းဒဏ်ကို မခံစားနိုင်တာ အမှတ်ပဲတဲ့။ ဒါပေမဲ့ ခံစားဖို့ကြိုးပမ်းနိုင်မယ်ဆိုရင်တောင် ဘာကြောင့် ဒီလိုတောင်းဆိုရတာ လဲဆိုတာ သူ သိချင်တယ်တဲ့”

အေး သူသိချင်တာ ငါလည်း သိချင်တယ်။ ပြောစမ်းပါဦး မင်းခန့်ညား၊ မင်းဘာစိတ်ရူးထ တာလဲ

"ဒီရက်ပိုင်းအတွင်းမှာ မင်းနဲ့စိုးစိုး၊ အသွားအလာ အခေါ်အပြောတွေ သိပ်များနေတာကတော့ ဖေဖေနဲ့ တိုက်ရိုက်လည်း ပတ်သက်နေတယ်။ သွယ်ဝိုက်ပြီးတော့လည်း ပတ်သက်နေတယ်။ မင်းနဲ့စိုးစိုး ဘာတွေဖြစ်နေကြတာလဲ၊ ပြော အဲဒါကို ဖေဖေ သိချင်တယ်"

နွဲ့ယမင်းစိုး၏ အမည်ကို စိုးစိုးဟုခေါ်ဝေါ်သူမှာ ဖေဖေ တစ်ယောက်တည်းသာဖြစ်သည်။

"သားနဲ့ ယမင်းနဲ့က မောင်နှမတွေပဲဟာ ဘာကိစ္စတွေ ထွေထွေထူးထူး ရှိရမှာလဲ ဖေဖေရဲ့"

"မင်းလည်း မသွားနဲ့ သူလည်း မလာစေနဲ့လို့ ဖေဖေ ကိုယ်တိုင် ပြောထားတာပဲ၊

စိုးစိုးရဲ့ အမေ နေရီစိန်သိသွားရင် ဘာတွေဖြစ်မလဲ၊ ဖေဖေ ဘာဖြစ်သွားမလဲ သား မတွေး မိဘူးလား"

ဘယ်တော့မှ မပတ်သက်ရဘူးလို့ ဖေဖေကိုယ်တိုင်ပြောပြီးပြီ။ အဲဒီ အိမ်ဝင်းထဲက ထွက်လာခဲ့ကြတာလေ။ သား မေ့နိုင်လို့လား မင်းခန့်ညား၊ သား မင်း မေ့ပစ်လိုက်တာလား။

"မမေ့ပါဘူး ..ဖေဖေရယ် သား ညီမလေးကို သနားလို့ပါ"

"ဖေဖေလည်း သနားတာပဲ၊ သနားလို့ တစ်နှစ်နီးပါး မလာ မသွားလုပ်ထားပျက် သမီးလေး စိုးစိုး အိမ်အလည်တယ်ဆိုတော့ ဖေဖေ နှင်ထုတ်ခဲ့လိုပလား သား"

ကျွန်တော် ခေါင်းငုံ့ထားမိသည်။

"လာရင်ဧည့်ခံ ပြန်ရင်လိုက်ပို့ တော်ရောပေါ့"

အခုတော့.. သားနဲ့စိုးစိုးက တတွဲတွဲဖြစ်နေတယ်။ သူ့အ မေ နေရီစိန်

သမုတ်သလို ဖြစ်များ ဖြစ်နေကြရင် ဖေဖေ ရင်ကျိုးရလိမ့်မယ် သား။

မင်းရှေ့ကနေ မားမားမတ်မတ်ရပ်ပြီး ယုံကြည်စိတ်အပြည့်နဲ့ ဒေါ်နေရီစိန်ရှေ့မှာ ထောင်ပြခဲ့တဲ့ ဖေဖေ့လက်မကြီးကိုတော့ လှမ်းချိုးလိုက်သလိုမျိုး မဖြစ်ပါစေနဲ့ ငါ့သား။ မင်းခန့်ညားရယ်

ကျွန်တော် ဦးခေါင်းတစ်ခုလုံး ထူပူသွားသည်။

နော်… သား”

“ဟုတ်ကဲ့ ဖေဖေ”

ကတိတစ်ခုကို ပေးသောအခါ၌ မသေချာသောသူများသည် ကတိတောင်းသူများ၏ မျက်နှာကို လုံးဝမကြည့်ဝံ့ကြချေ။ တစ်ဖက်လူ သံသယမဝင်အောင် ကြည့်မှဖြစ်မည် ဟု စဉ်းစားမိ သဖြင့် အားတင်း၍ ကြည့်သောအခါတွင်လည်း တစ်ခဏမျှသာ ကြည့်ဖြစ်ပါလိမ့်မည်။

ထိုဓလေ့စရိုက် လက္ခဏာသွင်ပြင် ယခုမှသာ ကျွန်တော် နားလည်ရ၏ ။

*

ထိုနေ့တစ်နေ့လုံး ကျွန်တော့်စိတ်တွေ အခြေမကျ၊ ကုန်တိုက်ရှိ စတိုးဆိုင်အရောင်းစာရေးမ လေးများ၏ ရှေ့၊ ဆိုင်မန်နေဂျာတို့၏ ရှေ့တွင် ကုန်ပစ္စည်း၏ ရောင်းအား ရောင်းဈေး၊ ပစ္စည်းအဝင် အထွက်ကိစ္စများဖြင့် အလုပ်များစွာ ခေါင်းရှုပ်နေရသူတစ်ဦးကဲ့သို့ ကျွန်တော်နေမိသည်။

နဂိုကမှ စည်းကမ်းကြီးသော ကျွန်တော့်ကို ယနေ့တစ်နေ့လုံး မည်သူမျှ စကားကို ရဲရဲဝံ့ဝံ့စွာ မပြောဝံ့ကြ။

“ဦးမင်းခန့် အလုပ်သိပ်များနေတယ်။ မျက်နှာလည်းမကောင်းဘူး။ အားလုံး ဂရုတစိုက်နေ ကြနော်”

